dvbdebate.com    facebook.com/dvb.debateTwitter@dvbdebate

**DVB TV timetable**

| | | | |
|---|---|---|---|
| **Sun** | 19:15 | 21:00 | night repeat |
| **Mon** | 10:15 | 15:15 | 21:00 |
| **Wed** | 10:15 | 15:15 | 21:00 |
| **Fri** | 10:15 | 15:15 | 21:00 |

"ဒီဗွီဘီ ဒီဘိတ်" အချေအတင် ဆွေးနွေးပွဲ အစီအစဉ်ကို DVB Multimedia Group က စနေနေ့တိုင်း တိုက်ရိုက် ရိုက်ကူးပြီး ဒီဗွီဘီရုပ်သံလိုင်းမှာ တစ်ဖက်ပါ အစီအစဉ်အတိုင်း ထုတ်လွှင့် တင်ဆက်ပါတယ်။

DVB Debate ဟာ မိမိတို့ရဲ့ အတွေးအမြင် အယူအဆတွေကို လွတ်လပ်စွာ သဘောကွဲလွဲနိုင်ဖို့၊ အပြန်အလှန် နားလည်မှုတွေကို တည်ဆောက်နိုင်ဖို့၊ မြန်မာ့အနာဂတ် ပိုမိုကောင်းမွန်လာစေဖို့၊ လူ့အဖွဲ့အစည်းအတွင်းမှာ ရှိနေတဲ့ ပြဿနာတွေကို အဖြေရှာနိုင်ဖို့၊ လူတိုင်းပါဝင်နိုင်ပြီး မတူကွဲပြားတာတွေကို လက်ခံပေးနိုင်ဖို့၊ အချေအတင်ဆွေးနွေးတဲ့ ယဉ်ကျေးမှုပေါ်ထွက်လာစေဖို့ ရည်ရွယ်ပါတယ်။

မီဒီယာတွေနဲ့ အသင်းအဖွဲ့တွေကိုလည်း အခုလို လွတ်လပ် ပွင့်လင်းတဲ့ ဒီဘိတ်ရဲ့ အချေအတင် ဆွေးနွေးပွဲမှာ ပါဝင်ဖို့ကို ဖိတ်ခေါ်ပါတယ်။ အပတ်စဉ် သတင်းထုတ်ပြန်ချက်များ၊ သတင်းဓာတ်ပုံများနဲ့ ဒီဘိတ်ကာတွန်းကို ရုပ်သံရိုက်ကူးပြီး မကြာခင်မှာပဲ ဒီဗွီဘီဒီဘိတ်ရဲ့ ဖေ့စ်ဘုတ်စာမျက်နှာနဲ့ ဝက်ဘ်ဆိုက်မှာ ကြည့်ရှုနိုင်ပါတယ်။ ပြည်တွင်းမှာ ပြုလုပ်မယ့် အချေအတင် ဆွေးနွေးတဲ့ ဒီဘိတ်တွေကို ပံ့ပိုးကူညီဖို့ DVB Debate မှာ ရန်ပုံငွေ ရှိပါတယ်လို့ အသိပေးလိုပါတယ်။

# DVB DEBATE

ယခုအပတ် ဆွေးနွေးပွဲအတွက် မေးခွန်းကတော့

*"Will Party tensions change voting behaviour?"*

ဖြစ်ပါတယ်။

- မှတ်ချက်ပေးလိုတာ၊ အကြံပြုလိုတာနဲ့ မေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်းနံပါတ် ၀၁ ၂၉၂၇၄၃ နဲ့ debate@dvb.no ကို ဆက်သွယ်ပြီး အဖွဲ့ဝင်တစ်ဦးဦးထံ မေးမြန်းနိုင်ပါတယ်။

**ဒီတစ်ပတ်မှာတော့ "ပါတီတွင်းအကျပ်အတည်းတွေဟာ ရွေးကောက်ပွဲအပေါ် ဘယ်လို သက်ရောက်မှုတွေရှိလာမလဲ" ဆိုတဲ့ ဒီဘိတ်ကို ဆွေးနွေးကြမှာ ဖြစ်ပါတယ်။**

၂၀၁၅ ရွေးကောက်ပွဲ ကျင်းပဖို့ နီးကပ်လာချိန်မှာ ဖြစ်ပေါ်လာတဲ့ လှုပ်ခတ်မှုတွေကြောင့် ရွေးကောက်ပွဲနဲ့ ရွေးကောက်ခံ ကိုယ်စားလှယ်တွေအပေါ် စိတ်ဝင်စားမှုဒီရေတိုးပွားမှု ရှိလာခဲ့ပါတယ်။

ဇူလိုင်လကုန်ပိုင်းနဲ့ ဩဂုတ်လဆန်းပိုင်းမှာ မိုးသည်းထန်စွာရွာသွန်းခြင်းကနေ နိုင်ငံတဝှမ်းရေကြီး ရေလျှံမှုတွေ ဖြစ်ပွားခဲ့တာကြောင့် လူဦးရေသန်းဝေသိန်းကျော်တို့ ရေဘေးဒုက္ခသည်ဖြစ်ခဲ့ရပြီး ချင်းပြည် နယ်ဟား ခါးမြို့တော်မှာလည်း ရွှေ့ပြောင်းရတော့မယ့်အခြေအနေအထိ ရောက်နေခြင်း ကြောင့်ရွေး ကောက်ပွဲ ရွှေ့ဆိုင်းမလား၊ရွှေ့ဆိုင်းသင့်လားဆိုတဲ့  မေးခွန်းတွေနဲ့ ဒွိဟဖြစ်နေချိန်မှာပဲ အတိုက်အခံ ပါတီကြီး တစ်ခုဖြစ်တဲ့ NLD က ရွေးကောက်ပွဲအတွက် ပြင်ဆင်လိုက်သည့်အတွက် ဝေဖန်သံများကြားလာခဲ့ရသည်။ အဲဒီနောက် ဩဂုတ်လ ၁ရက်နေ့မှာ အများထုထင်မှတ်မထားတဲ့ ကိုယ်စားလောင်း အမည်စာရင်းထွက်ပေါ်လာတဲ့အခါမှာတော့ ပါတီဝင်အချို့ရဲ့ ဆန္ဒပြမှုတွေအထိ ဖြစ်ပေါ်စေခဲ့သလို NLD ရဲ့ ကိုယ်စားလှယ်လောင်းရွေးချယ်မှု အပေါ် ဝေဖန်သုံးသပ်မှုတွေ တသီကြီး ဖြစ်ပေါ်လာခဲ့ပါတယ်။

ရေဘေးနဲ့ရွေးကောက်ပွဲမဲဆွယ်မှု၊ NLD ကိုယ်စားလှယ်လောင်း ကိစ္စတွေအာရုံစိုက်နေကြချိန်မှာပဲ ပြည်ခိုင်ဖြိုးပါတီက ဩဂုတ်လ၁၂ ရက်နေ့မှာ ခေါင်းဆောင်ပိုင်းပြောင်းလဲမှုတွေ ပြုလုပ်ခဲ့တဲ့အခါမှာတော့ နိုင်ငံရေးဒီရေက အမြင့်ဆုံးကို ပြန်တက်သွားခဲ့ပါတယ်။ နိုင်ငံတွင်းရော နိုင်ငံတကာက မြန်မာ့နိုင်ငံရေးအပေါ် စောင့်ကြည့်သူတွေကိုပါ လှုပ်ရှားသွားစေခဲ့တာဖြစ်ပါတယ်။ အဲဒီရဲ့ ဂယက်က ပြည်တွင်းပုဂ္ဂလိကဘဏ် အချို့ကိုပါ ရိုက်ခတ်မှု ဖြစ်ပွားသွားခဲ့ပါတယ်။

၂၀၁၅ရွေးကောက်ပွဲအတွက် လက်ရှိအလှုပ်အခတ်တွေက အားလုံးရဲ့ စိတ်ဝင်တစား စောင့်ကြည့်ခြင်းကို ခံနေရပါပြီ။  ဝေဖန်သုံးသပ်မှုတွေ အမျိုးမျိုးဖြစ်ပေါ်နေတဲ့ ပါတီကြီးတွေရဲ့ ပါတီတွင်းအကျပ်အတည်းတွေက သိပ်မကြာခင်ရောက်တော့မယ့် ရွေးကောက်ပွဲအပေါ် သက်ရောက်မှုတွေ ရှိလာနိုင်၊ မလာနိုင် ဆိုတာကို ဒီတစ်ပတ် ဒီဗွီဘီ ဒီဘိတ် ကဆွေးနွေးတင်ဆက်ပါမယ်။

## သူတို့အမြင်

"အခုဟာလည်း စစ်တပ်က ပေါက်ဖွားလာတဲ့ပါတီဖြစ်လို့ ဒီလောက်ထိန်းနေတာပေါ့လေ။ မဟုတ်ရင် အစောကြီး ကတည်းက ပေါက်ကွဲကုန်မှာပဲလို့ မြင်တယ်။ ဘယ်လိုပဲဖြစ်ဖြစ် တိုင်းပြည်ကောင်းအောင် ဘယ်နေရာရရ ရတဲ့နေရာက ဆောင်ရွက်စေချင်တယ်။ အခု က ဘယ်လောက်ထိအောင်ကွဲသွားမလဲ မပြောတတ်ဘူး။ မြန်မာ့နိုင်ငံရေးကိုတော့ ဂယက်ရိုက်တာပေါ့။ နိုင်ငံရေးလည်း ဂယက်ရိုက်တယ်။ စီးပွားရေးလည်း ဂယက်ရိုက် လာဦးမှာပဲ။ ဒီလောက်နဲ့ ပြီးသွားတာတော်သေးတယ်။ အခုကတော့ ပါတီတွင်းနေရာတိုက်ပွဲပေါ့လေ။ တိုင်းပြည်ရဲ့အာဏာကို လုယူတဲ့သဘောဖြစ်မယ် တပ်ကပါလာမယ်ဆိုရင် နိုင်ငံတကာက အကူအညီပေးတာတွေ အားလုံး တန့်သွားမှာပဲ။ သူတို့အခုတောင် စီးပွားရေးကို အကုန်ဖွင့်မပေးသေးဘူး။ ဒါမျိုးတွေရှိတယ်။ အဓိက နိုင်ငံရေးတည်ငြိမ်ဖို့။ နိုင်ငံရေး တည်ငြိမ်မှလည်း စီးပွားရေးက လုပ်လို့ရမှာ။"

**ဦးမြတ်သင်းအောင်** - လိုင်သာယာစက်မှုဇုန် ဥက္ကဋ္ဌ

"အခု အခြေအနေက ရိုးရိုးကြည့်ရတာတော့ ပါတီတွင်း အာဏာသိမ်းတယ်ပေါ့။ ဦးရွှေမန်းက အုပ်ချုပ်ရေးရော၊ တပ်မတော်ကိုရော ချုပ်ကိုင်ချင်တယ်ပေါ့။ တပ်မတော်ကလည်း ဒါကို မခံဘူးပေါ့။ အဲဒီလိုမျိုးကနေပဲ အာဏာလုတဲ့ ပဋိပက္ခက စလာတာပဲ။ အဲဒီလို ပဋိပက္ခကို မဖြေရှင်းနိုင်ဘူးဆိုရင် တရားမျှတတဲ့ ရွေးကောက်ပွဲ မဖြစ်လာဘူး။"

**နိုင်ငွေသိမ်း** - မွန်အမျိုးသားပါတီ ဥက္ကဋ္ဌ

"အခု လက်ရှိ အာဏာရ ပါတီအတွင်း ဘာတွေ ဖြစ်နေသလဲဆိုတာ ကျနော်တို့လည်း တိတိကျကျ မသိရသေး ဘူး။ ကျနော့်အနေနဲ့ ဒီအပေါ်မှာ သဘောထားအမြင်ပြောဖို့ကတော့ အခုချိန်မှာ နည်းနည်းခက်သေးတယ်။ ဒါက ပါတီ အတွင်းရေး ပြဿနာ ဖြစ်နေတယ်လေ။ ဒါပေမယ့် ကျနော် မြင်တာကို ပြောရမယ်ဆိုရင် လာမယ့် ရွေးကောက်ပွဲ ဖြစ်ဖို့က နှစ်လကျော်တောင် လိုသေးတယ်ဆိုတော့ အဲဒီအပေါ် ထိခိုက်မှုတော့ သိပ်မရှိနိုင်ဘူးလို့ မြင်တယ်။ ဒါပေမယ့် အခု ကျနော်စိုးရိမ်တာက လက်ရှိ အခြေအနေကောင်း တခုကို ရောက်နေတဲ့ ငြိမ်းချမ်းရေး ဆွေးနွေးတဲ့အပေါ် သွားပြီးထိခိုက်မှာကို စိုးရိမ်ပါတယ်။"

**ဒေါက်တာမနာမ်တူးဂျာ** - ကချင်ပြည်နယ် ဒီမိုကရေစီပါတီ ဥက္ကဋ္ဌ

### *Information links:*

**www.burma.irrawaddy.org**

**www.dvbdebate.net**

**www.**Burmese.dvb.no

**https://www.youtube.com/channel/UCH0tQh3CaE2Ek8IAJtgTwEA**